## ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ

# ခွန်ထွန်းဦး

## ၏

# ၆၆ နှစ်မြောက်မွေးနေ့အမှတ်တရ



ငယ်မည် - နိုင်နိုင် (ခ) Noel ။

မိဘ - စဝ်ကြာဇုံ ၊ စဝ်ရွှေယုံ။

မွေးနေ့ - ၁၉၄၃ ၊ စက်တင်ဘာ (၁၁) ရက်။

မွေးရပ် - သီပေါ၊ ရှမ်းပြည်မြောက်ပိုင်း။

မိဘမျိုးရိုး - သီပေါစော်ဘွားမျိုးရိုး။

(က) ဦးလေးဖြစ်သူ သီပေါစော်ဘွား စဝ်ကြာဆိုင် သည် ၁၉၆၂ အာဏာသိမ်းစဉ် ပျောက်ဆုံးသွားခဲ့။

(ခ) ဖခင်ဖြစ်သူ စဝ်ကြာဇုံ မှာ ၁၉၆၀ ဖက်ဒရယ်မူ ရေးဆွဲရေးကော်မတီ၏အတွင်းရေးမှူးဖြစ်ပြီး အာဏာသိမ်းစဉ် အဖမ်းခံခဲ့ရ။ အဖမ်းမခံရမီ ရှမ်းပြည်အစိုးရဌာနတွင် အတွင်းဝန်ကလေးမှစ၍ ခရိုင်ဝန်အထိ တာဝန်ထမ်းဆောင်ခဲ့။

ပညာရေး - ၁၉၄၉ တွင် မေမြို့ St. Elbert ကျောင်း၌ စတင်ပညာသင်။
- ၁၉၅၅ တွင် မူလတန်းအောင်မြင်။
- ၁၉၅၆ တွင် တောင်ကြီးမြို့ ကမ္ဘောဇကောလိပ်၌ ဆက်လက်ပညာဆည်းပူး။
- ၁၉၆၂ တွင် ဆယ်တန်းအောင်မြင်။
- ၁၉၆၄ တွင် ရန်ကုန် ဝိဇ္ဇာ-သိပ္ပံ တက္ကသိုလ်၌ ဥပဒေဘာသာအထူးပြုဖြင့် ဒုတိယနှစ်အထိ တက်ရောက်ခဲ့။

အလုပ်အကိုင် - ၁၉၆၇-၁၉၇၄ အင်ဒိုနီးရှားသံရုံး စစ်သံမှူး၏ ကိုယ်ရေးအရာရှိ။
- ၁၉၈၄-၂၀၀၅ ဂျပန်နိုင်ငံ Overseas Courier Service ၏ မြန်မာပြည်ဆိုင်ရာ ဌာနေကိုယ်စားလှယ်။

အိမ်ထောင်ရေး - ၁၉၇၅ တွင် မလေးရှားနိုင်ငံသံရုံးအမှုထမ်း ဒေါ်ဝေဝေလွင် နှင့် လက်ထပ်။
- ၁၉၇၆ မတ် (၇) ရက်တွင် သား ခွန်ဦးလွင် အားဖွားမြင်။
- ၁၉၇၈ မတ် (၇) ရက်တွင် သမီး နန်း Elkie အားဖွားမြင်။

## ကျောင်းသားဘဝလှုပ်ရှားမှု

အထက်တန်းကျောင်းသားဘဝတွင် တောင်ကြီးမြို့ရှိ Tai Youth ခေါ် ရှမ်းလူငယ်အဖွဲ့မှာ ပါဝင်လှုပ်ရှားခဲ့။ ရန်ကုန်တက္ကသိုလ်ရောက်သော် Tai Youth မှ နုတ်ထွက်ပြီး တက္ကသိုလ်များ ရှမ်းစာပေ နှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ တာဝန်ယူခဲ့။

## နိုင်ငံရေးလှုပ်ရှားမှု

၁၉၈၉ - ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၏ အထွေထွေအတွင်းရေးမှူး။

၁၉၉၀ - မန္တလေးရုံးတွင်ကျင်းပသော မြို့နယ်စုံညီအစည်းအဝေး၌ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရ။

၁၉၉၀ - ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် သီပေါ မဲဆန္ဒနယ်အမှတ် (၁) ၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရ။

၁၉၉၃ - အမျိုးသားညီလာခံသို့ SNLD အားဦးဆောင်ပြီးတက်ရောက်၊ တိုင်းရင်းသားအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် တန်းတူညီခွင့်ရရေးကို အဓိကထားဆွေးနွေးခဲ့။
- ဤနှစ်မှစ၍ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် အစဉ်တစိုက်တောင်းဆိုခဲ့။

၁၉၉၆ - ရှမ်းငြိမ်းချမ်းရေးအဖွဲ့များ၏ အထူးဒေသတို့တွင် စာပေနှင့်ယဉ်ကျေးမှုဆိုင်လုပ်ငန်းများကို ကူညီပံ့ပိုးနိုင်ရန်ရည်ရွယ်ပြီး SSJAC (Shan State Joint Action Committee) ကို ဖွဲ့စည်းခဲ့။

၂၀၀၂ - တိုင်းရင်းသားပေါင်းစုံ၏ ဆန္ဒသဘောထားကို ကမ္ဘာကသိရှိစေရန် UNA ခေါ် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုများမဟာမိတ်အဖွဲ့ကို ဦးဆောင်ဖွဲ့စည်းခဲ့။

၂၀၀၄ - ၁၉၉၃ မှ ၁၉၉၆ အထိ ဆွေးနွေးတင်ပြခဲ့သည်များ အရာမထင်ခဲ့သဖြင့် တစ်ဖန်ပြန်လည်ကျင်းပသော အမျိုးသားညီလာခံကို ထပ်မံတက်ရောက်ရန်ငြင်းပယ်ခဲ့။

၂၀၀၅ - ဖေဖော်ဝါရီလတွင် SNLD နှင့် လုံးဝပတ်သက်ခြင်းမရှိသော ရှမ်းပြည်အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းရေးနှင့်ဆက်စပ်ပြီး ဖမ်းဆီးထိန်းသိမ်းခြင်းခံရ။
- နိုဝင်ဘာ (၃) ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်တွင်း လျှို့ဝှက်စီရင်ချက်ချပြီး ထောင်ဒဏ် ၉၃ နှစ်ဖြင့် ပူတာအိုထောင်သို့ အပို့ခံရ။

## မိန့်ခွန်းကောက်နုတ်ချက်များ

“လူမျိုးကြီးဗမာတွေက ရှမ်းတွေအပေါ်ပြုမူကျင့်ကြံနေသလိုမျိုး ရှမ်းတွေကလည်း ရှမ်းပြည်တွင်းရှိ လူမျိုးစုငယ်များအပေါ် မကျင့်ကြံမိဖို့ အထူးရှောင်ကြဉ်ရပါမယ်”

“ဒီမိုကရေစီအရေးနှင့် တိုင်းရင်းသားအရေး နှစ်ခုဟာ ဒင်္ဂါးတစ်ခုရဲ့ ခေါင်း နဲ့ပန်းလိုပဲ။ ဘယ်အရေးကပိုတယ်လို့ မရှိဘူး”

“ဗမာပြည်မှာ လတ်တလောဖြစ်ပေါ်နေတဲ့ နိုင်ငံရေးပဋိပက္ခဟာ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပြီး အဖြေရှာရေး ရွေးလမ်းမှတစ်ပါး အခြားမရှိပါ။ ဒါဟာ အကောင်းဆုံးမဟုတ်ပေမဲ့ ဒီထက်ကောင်းတဲ့အဖြေရှာနည်း လောလောဆယ်ရှာမတွေ့နိုင်သေးပါ”

(၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးမိန့်ခွန်းမှ)

## As A Token Of Remembrance Of The 66th Birthday Of SNLD President

# HKUN HTUN OO



| | | |
|---|---|---|
| Childhood name | - | Naing Naing (b) Noel |
| Parents | - | Sao Kya Zone, Sao Shwe Yon |
| Date of birth | - | 11th September, 1943 |
| Blood Line | - | Hsi Paw Saohpa Family |

(a) The uncle, Sao Kya Seng, Saohpa of Hsi Paw, was lost when the government took power in 1962.

(b) The father, Sao Kya Zone, who was the secretary of Federal Constitution Committee in 1960, was arrested when the government took over power. Before that he had served as an Assistant Secretary to District Secretary in Shan State.

Education
- Started studying at St.Elbert in May Myo in 1949.
- Accomplished primary school in 1955.
- Studying at Kam Baw Za College in Taunggyi 1956.
- Graduated high school in 1962.
- Specialized in Law at the Yangon University till second year in 1964.

Occupation
- The personal officer of Military Attache at Indonesian Embassy in 1967-1974.
- Local representative of Japan Overseas Courier Service in relation with Myanmar in 1984-2005.

Marriage
- While serving at Malaysian Embassy in 1975, met with Daw Wai Wai Lwin.
- The son , Hkun Oo Lwin was born on 7th March 1976.
- The daughter, Nang Elkie was born on 7th March 1978.

### PARTICIPATION DURING STUDENT LIFE

Involved in Tai Youth organization in Taunggyi during the high school. Became a president of Shan Culture and Literature Organization while attending the University in Yangon.

### POLITICAL ACTIVITIES

1989 - General Secretary of SNLD.

1990 - Was elected as a president at mass meeting which was held in Mandalay.

1990 - Was elected as a representative of Hsi Paw voting area No (1) in the election of democracy participating in variety of parties.

1993 - Led the party, SNLD, to National Conference, mainly discussed the idea of having equality and giving all ethnics to have their own rights with regard to constitution.
- Consistently requested for tripartite dialogue for the sake of national reconciliation.

1996 - Established the SSJAC (Shan State Joint Action Committee) intending to help support culture and literature around the regions of Shan ceasefire armies.

2002 - Took a lead in forming the UNA (United Nationalities Alliance) for enabling the voices from all ethnics to be heard to international communities.

2004 - Refused to attend the National Conference that was held again due to the lack of implementation of what had been discussed from 1993-1996.

2005 - Being kept in custody in February concerning the establishment of the Shan States Consultant Council which is nothing to do with SNLD at all.
- Was unethically sentenced for 93 years to Putao jail on 3rd November from the secret judgment in Insein Jail.

### PRECIOUS PRESCRIPTION EXCERPT FROM THE SPEECH

"As the majority of Bamas morally unacceptably treat Shan people, Shan people have to be very conscious of not playing the same trick towards minority peoples living in Shan States."

"Democracy movement and ethnics struggle are likely as two sides of a coin. Neither head nor tail is more important."

"There is no option except having tripartite dialogue to resolve the so-called political conflict in Myanmar. Although it is not a perfect one, there is still no better solution can be found at the moment."